# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | သန်းထွန်း ၊ ဒေါက်တာ | Than Tun , Dr | Than‘" Thvan‘ Dok‘ ta¯ | **Art.** CU0008 |

**Article Title** မြန်မာပြည် အုပ်ချုပ်ရေး
Administration of Burma
Mran‘ma¯ praññ 'up‘ khyup‘ re"

**Title (Book/Serial)** နဝရတ်ကိုးကွယ်
Nawarat Ko-thwe

**Issue and Volume**

**Edition** 2nd edition

**Place/ Publisher** စပယ်ဦးစာပေ
Sabei Oo Sarpay

**Distributor**

**Ed. Date** 1974

**Pagination** p. 342 - 369

**Annotation** Describes the administration of Myanmar kings. The kings governed with the help of Amats (high court officials). Monks were also important, often serving as advisors to the Court, even assisting the kings in foreign relations.

**Subject Terms**
1. Myanmar - Politics and government
2. Myanmar - History - Bagan Period (1044 - 1287)

**Key Words**
1. Min (King)
2. Amat (High official of Myanmar Royal Court)
3. Thanpyin (Amat)
4. Administration

# ဒေါက်တာသန်းထွန်း

## မြန်မာပြည် အုပ်ချုပ်ရေး

ပုဂံကို အေဒီ ၈၄၉-တွင် တည်သည်ဟု ပြောရိုးစဉ်လာ ရှိသော်လည်း စောလွန်း လှပါသည်ဟု ကျွန်တော်တို့ ယူဆပါသည်။ နန်းချောင်တို့ ပျူမြို့တော်ကို အေဒီ ၈၃၂ တွင်၎င်း၊ မိချင်ကို အေဒီ ၈၃၅-တွင်၎င်း ဖျက်ဆီးလုယက်တိုက်ခိုက်စဉ်က မြန်မာဟု ခေါ်ရမည့်သူတို့သည် မြန်မာနိုင်ငံမြေပြန့်တွင် ရောက်ရှိနေကြဦးမည် မထင်ပါ။ နန်းချောင် ဖျက်သဖြင့် ဘန်ခိုးသတ္တိရှိသူတို့ ပျက်လေပြီးမှ မြန်မာတို့ ၉-ရာစု နှောက်ပိုင်းတွင် မြန်မာနိုင်ငံ မြေပြန့်သို့ ဝင်ရောက်နေထိုင်လျက် ကြီးပွားလာရသည် ဖြစ်သဖြင့် ဝင်လာလာခြင်း ဆိုသလို မြို့ကြီးပြကြီးတည်နိုင်မည်လည်းမဟုတ်၊ အစတည်နေထိုင်ရာဒေသလည်း ပုဂံကဲ့သို့ သဲကန္တာရတပိုင်းတော် မဟုတ်မူ၍ နှလုံးမွေ့လျော်ဖွယ်ရာ သာယာ စိုပြေသော ကျောက်ဆည်ခရိုင်တွင်သာ ဖြစ်ပါသည်။

ပုဂံကို အချုပ်အချာပြု၍ အနိရုဒ္ဓနှင့် မင်းအဆက်ဆက်တို့ နိုင်ငံတော်ကို ထူထောင်ခြင်း မပြုမီက မြန်မာတို့နေရာ ပုဂံနှင့် အနီးတဝိုက်တွင် ရွာများစွာ ရှိမည်ဖြစ်၍ အခွင့်အလမ်း သာပါလျှင် ပုဂံနည်းတူ ကြီးပွားနိုင်သောရွာများပင် ဖြစ်ပါသည်။

ယင်း ရွာကြီးတို့၌ အကြီးအကြပ် အဖြစ် စိုးမိုး သူကို မင် (ပုံ ၁၄၁ က / ၁၆)ဟုခေါ်စမြဲတည်း။ နောင်တွင် ပုဂံမင်သည် **မင်ကြီး**(ပုံ ၁၀ က / ၁)ဖြစ်လာသောအခါ၌ မြန်မာ အားလုံး၏ ခေါင်းဆောင် ဟူ၍ အသိအမှတ် ပြုလာ ကြရ ပါသည်။ မြန်မာပြည်တွင်းသို့ ဝင်ဦးက စိုက်ခင်း ပျိုးခင်း ကောင်းရာ ကျောက်ဆည်ခရိုင်ရှိ **ဆဲ့တရွာ**(ပုံ ၁၆၂ / ၂၄-၅)တွင် အခြေစိုက်ကြပါသည်။ ဆဲ့တရွာကား တောင်မှမြောက်သို့ **ပင်လယ်၊ ပွည်မနား၊ မွစ်သာ၊** ရင့်၊ **မြင်ခုန်တိုင်၊ ပနန်၊ တမုက်၊ သင်တောင်၊ မက္ခရာ၊ တဖက်လာ**နှင့် ခံလူတို့ ဖြစ်ပါသည်။ ယင်းမှ ပန်းတောင်းပုံ ဖြန့်၍ မြန်မာပြည်အလယ်ပိုင်းကို လွှမ်းမိုးကြ၏။ ရှေးမြန်မာ ကျောက်စာတို့၌ ဤ မူလအခြေစိုက်ရာ **အရပ်များ**ကို မကြာခဏ ဖော်ပြသည်ကို တွေ့ရလျက် မူလဒေသကို ခရိုန် (ပုံ ၃၁ / ၁၁)၊ ယင်းမှ တိုးပွားရာကို တိုက်(ပုံ ၁၂ / ၁၅)ဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။ **နိုင်ငံ** (ပုံ ၁၉ က / ၆) ဟု ဟူသည်ကား အနိရုဒ္ဓနှင့် မင်းအဆက်ဆက်တို့ အနီးအပါးကို ခွဲထွင် သိမ်းသွင်းသည့်အခါမှ ပေါ်ပေါက်ရာ အကျယ်အဝန်းကား မြောက် **ကောင်စင်**မှသည် တောင် **တလိုင်သရေ**နှင့်ထဝဲထိ ဖြစ်သည် (ပုံ ၂၇၆က—၂) ဒုတိယ **စည်သူ**(၁၁၇၄-၁၂၁၁)၏ နိုင်ငံကို အေဒီ ၁၁၉၆-ကျောက်စာအရ သိရသည်ကား မြောက်တွင် **တကောင်**နှင့် **ငဆောင်ချံ**၊ တောင်တွင် **သလင်**

ကြေ၊ အနောက်တွင် မဿကိရိတောင်နှင့် အရှေ့တွင် သလင်မြစ်တို့ ဖြစ်ကြ၏။ (ပုံ ၁၉ က)။ ယင်းတွင် သလင်ကြေဟူသည် သောန် အငူ (Cape Salang) ခေါ် ဂျန့်စီလုံ (Junk Ceylon) ဖြစ်မည်ဟု ပါမောက္ခ လုစ် က ပြောဘူးပါသည်။ ထို့အပြင် ငဆောင်းချံမှာလည်း ဗန်းမော် တဘက် ဧရာဝတီ အနောက် ကမ်းတွင် ရှိမည်ဟု ကျွန်တော်ထင်ပါသည်။ ဤကျောက်စာကား ပုဂံခေတ် မြန်မာမင်းတို့ဘုန်းအကြီးဆုံးအခါက ရေးထိုးသည် ဖြစ်၍ အကျယ်ပြန့်ဆုံး မြန်မာနိုင်ငံသည် ရခိုင်ကို ချန်လှပ်၍ ယခုနေ့ မြန်မာနိုင်ငံမျှ ရှိသော်လည်း မြောက်ဘက်၌ ဗန်းမော် သာသာမျှသာ ဩဇာရောက်၍ တောင်၌မူကား မလေးနိုင်ငံ အစပ်ထိ သိမ်းသွင်းမိဘူးဟန် ရှိပါသည်။

ပုဂံမင်းကား သက်ဦးဆံပိုင် ဖြစ်သဖြင့် အလိုတော်ရှိသ၍ ဥပဒေကို ယူရပေမည်။ အနိရုဒ္ဓမှ သီပေါ်တိုင်အောင် ရေမြေ သခင် ဘဝရှင်ဟူသော အယူအဆထွန်းကားခဲ့ရကား ဆာဂျော့ စကော့က မြန်မာမင်းနှင့် ပတ်သက်၍—

"ဘုရင့်တန်ခိုးကား အတိုင်းအရှည်မရှိ၊ ကြီးလှ၏။ အများ လိုက်နာရသော ဗုဒ္ဓဝါဒနှင့် အဆုံးအမကိုရင်း၊ မင်းဆိုင်ရာ အဆုံးအမကိုရင်း၊ ကိုယ်တော်တိုင် နှစ်ခြိုက် လိုက်နာ လိုသမျှ သာလျှင် ၎င်း အာဏာစက်တွင် အဟန့်အတား ဖြစ်တော့သည်။ ထို့မှလွဲ၍ ဘုရင်သည် သက်ဦးဆံပိုင်အဖြစ်ဖြင့် ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို စိုးမိုးသည်။ ဘုရင့် ဆွေတော်မျိုးတော်မှ အပ နိုင်ငံတော်တွင် အဘကို သားက ဆက်ခံရသည့် ရာထူး၊ သို့မဟုတ် ဘွဲ့အမည်အရည် ဟူ၍ မရှိပါ။ သဒ္ဓါ သလောက် ချီးမြှောက်သည်ကိုသာ ခံစားကြရ၏။ ရာထူးကိုလည်း မင်းက

ပေးသဖြင့် မင်းမလိုချင်လျှင် ချက်ခြင်းရုတ်သိမ်းခြင်း ခံရမည် ဖြစ်သည်။ ရာထူးမှ ရုတ်သိမ်းခြင်းခံရသည် ဟူရာ၌ လွတ်ရုံးမှ ဗေဒင်နှားချောင်း ဖြုတ်၍ ပါးကွက် အာဏာလက်သို့ ရောက်သည်သာ များသည်။ တနည်းဆိုရသော် ဘုရားကျွန် ကျေးငင်းကျွန်မှအပ မည်သူမဆို နိုင်ငံတော်၏ အမြင့်ဆုံး ရာထူးအထိ ရပိုင်ခွင့်ရှိ၍ တိုင်းကားပြည်ရွာနှင့်တကွ လူထုအားလုံးကို ဘုရင်အလိုတော်ကျ ပြုလိုရာပြုနိုင်၍ သူပုန်ရန်ကြောင့်သာ မင်းသည် တရားစောင့်ရမည် ဖြစ်သတည်း။ (အထက်မြန်မာပြည်နှင့် ရှမ်းပြည် ဂဇက်တီးယား အတွဲ ၁၊ အုပ် ၂၊ မျက်နှာ ၄၆၉)" ပုဂံခေတ် ကျောက်စာတို့၌လည်း ဤအယူအဆမျိုးကို ဖော်ပြပါရှိ၏။ ဘနိဂုဒ္ဒါ မင်းကို ဝက်ကြဝဟိယ် (ပုံ ၁၆၀ က/၆) ဟု ဇမ္ဗူထိပ် ကျွန်းလုံးရှင် ဖြစ်လေဟန် ချီးပသည်။ မိဖုရား ဖွားစော်သည် အေဒီ ၁၂၇၂-ခု၌ ကောင်းမှုပြုလျှင် လင်ဖြစ်သူ ဘုရင်နရသိဃ်ဥစ္စနာ ကို—

ရိယ် မ္လိ ယ်ခပ်သိံ သော အသွိင် ဖ္လ စ်ထသော မ္လ တ်စွာသော ငါလင် သွိင်မင်ကြီ (ပုံ ၂၃၅/၁၀-၁၁)ဟူ၍ရင်း၊ မြေးတော်တရုက် ပ္လိယ်ကို-

အသရိယ်ဟိယ်သော ပုရှာတျာ-သဗ်ာရတနာသုံပါနိုက်။ ရိုဝ်သိယ် မ္လ တ်ထသော လူတဝ်တကာ အော်ကိုဝ်ကွယ်ရာ ဖ္လ စ်ထသော။ အလှံသော မင်တကာနှင့် ညီညွတ်ထ သော။ ဆင် ဖ္လ ုစသော ရတနာအပေါင် အဖစ်သွိင် ဖ္လ စ်ထသော။ ဇမ္ဗူဒိပ်ကျွန်နိုက် ထွန်သော နိယ်ကယ်သိုဝ် အဟိန်စဝ်အရှောင် တောက်ပထသော။ အသရိယ်ဟိယ်သော။ သြိတြိဘုဝနာဒိတျာ ပဝရဓမ္မရာဇ။ ဥတ်စနာ

မည်သောမင်ကြီး။(ပုံ ၂၃၄ / ၁-၄)ဟူ၍ရပ်း ရေးသား ခဲ့သည်။ ကျွစွာမင်းကိုကား တို့ထက်ပင် ချီးပသေး၏။ 'အရှိမတွေ့ပူရမည်သော ပွညီနိုက်။ အစိုစ်ရှိသော အလှ အကယ် ဖုန်တန်ခိုင်ကြီးစွာထသော ကျွစွာမင်ကြီး (ပုံ ၂၄၆— ၁-၂)'ဟူ၍ ဖြစ်ပါသည်။ ဖော်ပြပါ ချီးမွမ်းခဏ်း အားလုံး၌ အခြခံသဘောကား မင်းဟူသည် နိုင်ငံတော်တွင် တန်ခိုးအကြီး ဆုံးဖြစ်၍ သက်ဦးဆံပိုင် ရေမြေအလုံးကို အစိုးရသူ ဖြစ်သည်ဟု ဆိုလိုသည်။ ဓာဂျေ့စကော့ ယူဆပုံအတိုင်းပင် ဤသို့သော အာဏာရှင်မျိုး၌ သူပုန်သူကန်ရန်ကို စိုးရိမ်စိတ်မှလွဲ၍ အချုပ် အချယ် ဘာတခုမျှ မရှိနိုင်ပါ။ သို့သော် ထိုစဉ်က ဗုဒ္ဓသာသနာ ထွန်းကားနေသဖြင့် မင်းတို့အပေါ် ဝယ် သာသနာရေးက ကောင်းစွာ လွှမ်းမိုးနိုင်လိမ့်မည်ဟု မှန်းဆရပါမည်။ ဘုရင်ကို ပူရှာလောင်(ပုံ၃၆-၃)ဟု ယူဆမြဲဖြစ်၍ ဘုရားလောင်းတို့ ခလေ့ အတိုင်း ကြင်နာခြင်း၊ သီလသမာဓိရှိခြင်း၊ ခွင့်လွှတ်ခြင်းတို့ ရှိမည်ဟု ယူဆရာသည်။ သံဃာတော်တို့နှင့် ဆက်ဆံရာတွင် ဆန့် ကျင်ဘက်မဖြစ်အောင် အထူး ဂရုပြုသည်ကိုလည်း တွေ့ရပါ သည်။ ဘုရင်တပါးသည် သံဃာတို့ ဆူပူ ကန့်ကွက်စရာ ပြုမိသဖြင့် သတိထား၍ နောက်ဆုတ်သွားရပုံကို အောက်ပါ သာဓကဖြင့် သိသာပါသည်။

ပုဂံမင်းဆက် နောက်ပိုင်းတဝက်၌ အရှေ့ဝါသီကဂိုဏ်း ဗုဒ္ဓ ရဟန်းတော်များ ခေတ်စား၍ လာကြ၏။ ထိုဂိုဏ်းဝင်တို့သည် အသူးသဖြင့် ချင်းတွင်းအရပ်၌ လယ်ယာမြေများကို ဝယ် ယူ၍ သာသနာမြေကို တိုးခဲ့ရာ သာသနာ၌ မြေတိုးတိုင်း ဘုရင်၌ အခွန်အခ ကောက်ရာသောမြေ ရော့ရမြဲဖြစ်၍ တနည်းအားဖြင့်

ဘုရင်က မနှစ်မြို့နိုင်ပါ။ ထို့ပြင် သဒ္ဓါထက်သည့် ဒါယကာတို့က လည်း မြေပယ်ပေါင်းများစွာ လှူကြမြဲဖြစ်သဖြင့် ကျွာစွာမင်းသည် အခွန်တိုးစေကြောင်းကိုရည်၍ သာသနာ့မြေ အချို့ကို သိမ်းယူပါသည်။ ထီးမွေကို ဆက်ခံပြီးနောက် မကြာမီ အေဒီ ၁၂၃၅-ခု၌ ယင်းမြေများကို သိမ်းယူရာ သံဃာအများ ကန့်ကွက်သဖြင့် စုံစမ်းရေးအဖွဲ့တခုဖွဲ့ရသည်။ အဖွဲ့က သံဃာများဘက်မှ ဆုံးဖြတ်ချက်ချပေးသဖြင့် ဘုရင်က အလျှော့ပေးခဲ့ရ၏။ (ပုံ ၉၀-၁၅-၁၆၊ ပုံ ၂၃၁ ခ-၆)။

ယင်းသာဓကမှ အရေးပါသော အချက် ၂-ချက်ကို သိရှိရပါသည်။ ပထမအချက်ကား မြန်မာမင်းတို့အပါးတွင် မင်းလိုလိုက်၍ မင်းကြိုက်သာ ပြောသော အချောင်သမားသာ အမြဲရှိနေသည်ဟူ၍ မယူဆသင့်ခြင်းပင်ဖြစ်သည်။ ပညာရှိတို့ကို ဆည်းကပ်၍ အရေးကြုံလျှင် ပညာရှိစကားကို နာယူသည်ဟု သိရပါသည်။ ပြဿနာကြီးလျှင် စုံစမ်းရေးအဖွဲ့ဖွဲ့၍ ဆောင်ရွက်စေသည်မှာ ထုံးစံဖြစ်၍ တရုတ်ပြည်ကဲ့သို့ ခက်ထန်သော မင်းသာ လျှင် တရုတ်တို့ကျူးကျော်မလာမီက အမှုအမတ်စကားကို ပြစ်ပယ်ခြင်းဖြစ်သည်။ (မှန်နန်း အပိုဒ် ၁၄၇) အေဒီ ၁၂၈၁-ခု ကျောက်စာအရ ဘုရင့်အပါးတော်ဝယ် သံပျင်ကလန် သုငယ် တောဟုရာသွာသုခမိန်(ပုံ ၂၇၂-၁၈)တို့ ရှိမြဲဖြစ်ပါသည်။ ကျန်စစ်သား၏ နန်းတော်ကျောက်စာ (အေဒီ ၁၁၀၁-၂) အရ ကောက်ရလျှင် ဟူရာတို့ကားဗြဟ္မဏတို့ဖြစ်ဟန်ရှိပါသည်။ အခြားကျောက်စာ တခုအရလည်းကျွာစွာမင်းသည် အေဒီ ၁၂၃၅-ခု၌ နန်းသိမ်းပြီး ချက်ခြင်းဗြဟ္မဏဟူရာတို့ကို ပယ် ၁၀၀-သောမြေကိုပေးလှူတူး၏။ (ပုံ ၁၀၂-၁၈)ဘိသိက်ပွဲတွင် ပါဝင်ရသော

ပုဏ္ဏားတို့ဖြစ်ဟန်တူပါသည်။ ဒုတိယအချက်မှာ တဘက်ဘက်တွင် ပျက်စီးနိုင်သည့် အတိုက်အခံနှင့်တွေ့လျှင် လူစွာကဲ့သို့ စိတ်မာန်ရှိသော မင်းပင်လျှင် အလိမ်မာသုံး၍ လျှော့ပေးရန်နားလည်ပါသည်။

နိုင်ငံတွင်မင်းသည် အရေးအပါဆုံး ပုဂ္ဂိုလ် ဖြစ်သော်လည်း အုပ်ချုပ်ရေးဟူသည် မင်းတပါးတည်း ဆောင် ကျဉ်း ၍ ရကောင်းသည်မဟုတ်။ နိုင်ငံတော် ကျယ်ပြန့်လာသည်နှင့် အမျှ အုပ်ချုပ်ရေးတွင် ကူညီရန် ဝန်နှင့် အရာရှိများ ခန့်ထားရသည်။ ဝန်ကိုသက္ကတ၌ **အမာတျ** မှုလာသော **အမတ်** အမည်ဖြင့်ခေါ်ဝေါ်၏။ ကြီးသောဝန်ကို ဆောင်ရသဖြင့် ဝန်ကြီးဟူသော အမည် မပေါ်သေးပါ။ သို့သော် **အမတ်** ကို ကြီးတပ်၍ကားမကြာခဏ အသုံးအစွဲပြုပါသည်။ မြို့ပြအုပ်ချုပ်ရေးအရာရှိနှင့် စစ်အရာရှိဟူ၍ သီးသန့် ခွဲခြားထားခြင်းမရှိသဖြင့် မည်သည့် **အမတ်** သို့မဟုတ် အရာရှိမဆို အရေးကြုံလျှင် စစ်ဗိုလ်လုပ်၍ ကုပ်ကဲတိုက်ခိုက်ရမည့် တာဝန်ရှိကြပါသည်။ ထို့ကြောင့် ဒါယကာ **အနန္တသူ** ရသည် အေဒီ ၁၂၂၃-၌ ကောင်းမှုပြုသောအခါ ရာထူးကိုဖော်ပြရာ၌ **အမတ်တျာ။ မဟာသေနာပတိ**(ပုံ ၇၃-၁) ဟုရေးခဲ့ရာ ၎င်းသည် **နာတောင်မျာမင်း**၏ အုပ်ချုပ်ရေးတွင်လည်း အမှုးအအုပ်၊ စစ်မက်ရေးတွင်လည်း အကြီးအကြပ်ဖြစ်ကြောင်းဆိုလိုသည်။ ယင်း **အနန္တသူ**ရ အပါအဝင် **နာတောင်မျာ** နန်းဘော်၌ အမတ်ငါးပါးရှိပါသည်။ နောက်ထပ်လေးပါးကား **အသင်္ချာ၊ အသုတ်၊ ရာဇသင်္ကြံ**နှင့် **စတုရင်္ဂသူ**(ပုံ ၄၂-၁၇ ပုံ ၁၉၀က-၁၂)တို့ဖြစ်ကြ၏။ အခိုက်အခါကြုံသဖြင့်ပြောလိုသော အချက်တချက်မှာ ဤသို့ အမတ်ငါးပါးရှိကြောင်း သိရ

သဖြင့် အစဉ်အလာ ပြောစမှတ်ပြုသည့် လွှတ်တော်စပုံနှင့် လွှတ်တက် အမတ်ကြီးလေးပါး ပေါ်လာပုံကို ဆက်လက် ယုံကြည်၍ မဖြစ်တော့ပါ။ ကျွန်တော်တို့ မှတ်သားဘူးသည်ကား နာတောင်မျာ၌ ဟစ်ကိုလေးယောက်ရှိရာ အုပ်ချုပ်ရေးတွင် အထူးဝါယမပြု၍ ကူညီသဖြင့် ဝန်ကြီးလေးပါးဖြစ်လာ၏။ ယခု ကျောက်စာပါ အထောက်အထားများအရ အမတ် ငါးပါးရှိ၍ တဦးတလေမျှ ဘုရင်နှင့်သွေးသားတော်စပ်သည်ဟု ဖော်ပြခြင်း မရှိပါ။ ဤအမတ် ငါးပါးသည် ဘုရင့်သားချင်းများ ဖြစ်သော ပျံခိနှင့် သိင်္ဃပိစည်တို့ ပုန်ကန်သည်ကို နှိမ်နင်းပေးသဖြင့် ရဲ ဆုဟူ၍ တဦးလျှင် မြေပယ် ၇၀၀-စီ ရခဲ့ဘူးသည်။ ယင်းသည် ပင်လျှင် အုပ်ချုပ်ရေးအမှုထမ်းနှင့် စစ်မှုထမ်းဟူ၍ အသီး အခြားမရှိကြောင်းကိုပြသောသာဓကတခုဖြစ်ပါသည်။ နာတောင်မျာ လက်ထက်မြောက်အရပ်(တကောင်း)၌ တိုက်ရေး ခိုက်ရေး ပေါ်ခဲ့သဖြင့် လက္ခာနုလာက်ငယ်ကို စေလွှတ်နှိမ်နင်း စေရာ အောင်ပွဲရသဖြင့် ဆုတော်များပေးသနား၏ (ပုံ ၂၃၁ ခ-၁)။ ပုဂံမင်းဆက် ကုန်ဆုံးခါနီး၌ စစ်သူကြီး ဟူသောဘွဲ့ကို စစ်ထွက်သောအမတ်များအား ပေးလေ့ရှိသည်။ ဥပမာအသင်္ခယာ၊ သီဟသူ၊ ရာဇသင်္ကြံ တည်းဟူသောဘရုတ်စစ်ပြီးနောက် ကျော် ဇော်လာသော ရှမ်းညီနောင် သုံးဦးအား အမင်းကြီး သို့မဟုတ် သံပျင်ကြီး ဟု ခေါ်ဝေါ်ရေးသားသည်ကိုတွေ့ရ၏။ (ပုံ ၂၇၄-၁၅၊ ပုံ ၂၈၂-၁၄၊ ပုံ ၂၉၁-၁၁၊ ပုံ ၂၉၇-၃၀)သို့ရာတွင်အေဒီ ၁၂၉၂ ရေးထိုးသော ကျောက်စာတခုတွင် ၎င်းတို့အား စစ်သူကြီး ဟုဘွဲ့တပ်၍ ခေါ်ဝေါ်သည်ကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

"ပုကမ်မင်ကြီ တော့ဖွစ်ထသော။ အတုမည်ထသော၊ စင်သူ
ကြီးဖွင်သော၊ သိရိအသင်္ချာ၊ ရာဇသိဟသူမည်သော၊ တချွတ်ခင်
ကိုဝ်နိုဝ်နင်သ၊ ညီအစ်ကိုဝ် ၃ ယောက်(ပုံ ၂၇၆က-၃-၅ "

ကျော်စွာမင်းလက်ထက် အမတ်ကြီးကား မနောရာဇ (ပုံ ၂၃၁
ခ-၆) သို့မဟုတ် မနုရာဇာ(ပုံ ၃၃၁ ခ-၇)ဖြစ်၍ မမှုသတ်ကို
ပေးပေသော မနုနှင့် အမည်အားဖြင့် ဆက်သွယ်လျက်ရှိပါသည်။
မနုရာဇသည် ကျော်ဇောသောတရားသူကြီးလည်း ဖြစ်နိုင်စရာ
အကြောင်းရှိပါသည်။ ယင်းသည် **ကောင်စင်မဟာသမန်** (ပုံ
၁၅၈-၂၀-၂၁)ခေါ် ဘုရင်ခံရာထူးနှင့်ကိုဝ်မှူ(ပုံ-၂၃၄-၃၀)
ခေါ် ကိုယ်ရံတော်တပ်မှူး တည်းဟူသော အရေးပါအရာရောက်
သည့်ဌာနများမှ အမှုတော်ကို ထမ်းရွက်ရသည်။ ဤသည်လည်း
အုပ်ချုပ်ရေးနှင့် စစ်ရေးကိုပေါင်းစပ်၍တာဝန်ယူရခြင်းသာဓက
တခုဖြစ်ပါသည်။

အမတ်ပြီးလျှင် **သံပျင်နှင့်ကလန်**တို့ရှိကြသေး၏။ ယင်းတို့၏
တာဝန်အတိအကျကို မပြောပြနိုင်သေးပါ။ **ကလန်သည်သံပျင်**
ထက်ရာထူးအဆင့်နည်းဟန်ရှိ၏။ ပုဂံခေတ် နောက်ပိုင်းကျောက်
စာများ၌**သံပျင်နှင့်အမတ်**ကို အရည်တူထား၍ သုံးစွဲပုံကို တွေ့
ရသည်။ အထက်ဖော်ပြပါ ဘုရင်ခံ မနောရာဇ ကိုပင် တခါက
**သံပျင်မဟာသမံ**(ပုံ ၂၆၈-၃)ဟု ဖော်ပြခဲ့သည်။ ဤနည်းနှင်နှင်
ပင် နာတောင်မျာ၏ သေနာပတိ အနန္တသူရကို **သံပျင်အနန္တသူရ**
(ပုံ၇၈ခ-၁၁)ဟုခေါ်ခဲ့ဘူးပါသည်။တရားသူကြီးများကိုလည်း
**ကြာသံပျင်**(ပုံ ၇၈-ခ-၉)ဟုခေါ်စမှတ်ပြုပါသည်။ ထို့ကြောင့်
ယခုအခါဝယ်သံပျင်ကို အောက်တန်း အရာရှိဟု နားလည်ကြ
သော်လည်း(ဂျပ်ဆင်အဘိဓာန် စာမျက်နှာ ၁၈၀) **အမတ်** နှင့်

အရည်တူဟူ၍ ယူရအံ့လောဟုပင် ထင်မိပါသည်။ ထိုလိုင်မင်၏ လူသိများသော ကျန်စစ်သားအမည်ပင်လျှင် ကလန်ဝင်သော မှု ဆင်းသက်လာသလောဟု သံသယရှိသူတို့ ရှိပါသည်။(ရှေးအသုံး အနှုန်းတွင် စစ်သားဟူသည် အုပ်ချုပ်သူမင်းသားအဓိပ္ပာယ်ရ၍ စင်အမှုထမ်းကို စစ်သည် သူရဲဟူ၍သာ ခေါ်ရကား ကလန် စစ်သားသည် အစိုးရသူ အရာရှိဟုကောက်ယူသူတို့လည်း ရှိပါ၏။) ယင်းသို့ဖြစ်မူ ယခုအခါ ရွာသူကြီးသာသာရှိသူကို **ကလန်** ဟု ဆိုလျှင် ပုဂံမင်ကြီး မဖြစ်မီက ထိုလိုင်မင် ဖြစ်ခဲ့သူ လူစွမ်းကောင်းကို နှိမ်ရာရောက်နေပေမည်။ **ကလန်** ဟူသည်လည်း အတန်ပင် အဆင့်အတန်းမြင့်သော အုပ်ချုပ်ရေးအရာရှိဖြစ်မည် ထင်သည်။ ယင်းဝေါဟာရနှစ်ခုနှင့်ပတ်သက်၍ ပါမောက္ခ ဂျီ အိပ်ချ်လုစ်၏ အတိုးတန်လှသော မှတ်ချက်ကား-

"သံပျင်၊ကလန် ရှေးမြန်မာစာတွင် အလွန်အသုံးများသော်လည်း ယင်းတို့ကား မွန်အရင်းခံဖြစ်ကောင်း၏။ **စပ်သုမ်ဗင်ကို** အရာ အထူးတွဲတခုအနေဖြင့် ယိုးဒယား လောပုရီတွင်တွေ့ရှိသော (**မြင်သစ်အရှေ့တိုင်းစာစောင်** အတွဲ ၂၅၊ စာမျက်နှာ ၁၈၆- နှင့် အတွဲ ၃၀ စာမျက်နှာ ၈၃-၄-ကြည့်)၈-ရာစုနောက်ပိုင်း ကဟု ထင်ရသည့် ရှေးအကျဆုံး မွန်ကျောက်စာ၌ ပါရှိသည်။ ကျန်စစ်သား နန်းတော်ကျောက်စာ(**အက်ပိဂရပ်ဖီးယားဗာမင်နိကား** အတွဲ ၃ အပိုင်း၁ ကျောက်စာ အမှတ် ၁၁)၌ **ကလန်ကို** မကြာခဏ တွေ့ရ၍ တဝယ်နှင့် အချို့ဒေသတို့၌တွေ့ရသော ရှေးမွန်အုပ်ခွက်အရှုပ်များ(**မြန်မာပြည်ကျောက်ဗာဝန်၏နှစ်ချုပ်အစီရင်ခံစာ** ၁၉၂၄၊ စာမျက်နှာ ၃၀-၄၀)တွင်လည်း(**သံပျင်**)ကို တွေ့ရပါသည်။(မြန်မာသုတေသနဂျာနယ် အတွဲ ၃၀ အပိုင်း-၁

စာမျက်နှာ ၃၀၅-မှ ထုတ်နုတ်ချက်) မစ္စတာ အိုပ်ချ်အယ်လ် ရှေးတိုးကမူ သံပျင်နှင့်ကလန်တို့သည် အလက် ကိုးကားသော ယိုးဒယားမှ မှန်ကျောက်စာတို့တွင် ပါသည့်အတိုင်း မွန်ဇစ်မြစ် စကားအသုံးများ မဟုတ်မူ၍ ရာထူးသက် လူအမည်နှင့်ပို၍သက် ဆိုင်ဟန် ရှိသည့်အပြင် ပုဂံတွင်တွေ့သော မွန်ကျောက်စာများ၌ ပါရှိပြန်သောအခါ၌သည်း မွန်ဝေါဟာရဟူ၍တထစ်ချမယူအပ် ချေ။ အကြောင်းသော်ကား မြန်မာနန်းတွင်း ကိစ္စတခုကို မွန် ဘာသာဖြင့် ရေးသားဖော်ပြထားခြင်းသာ ဖြစ်သည်ဟု ဆို၏။ ဆိုထိုက်သည်ဟု ယူဆသည်။"

ရံဖန်ရံခါ ဘုရင်လိုလားသူတို့ အကဲရောက်မည် ဖြစ်သော် လည်း စင်စစ် နန်းတော်အသုံးခံအမတ်နှင့် အရာရှိတို့သည် ပညာ တွင် အခေါင်အထွဋ်မျှ တက်မြောက်ကြရန် လိုအပ်မည်ဟု ထင် ပါသည်။ အမတ်တဦး၏ပညာအရည်အချင်းကို အေဒီ ၁၂၇၀- ကျောက်စာတခု၌ ဖော်ပြပါရှိဟန်ကား-

"ပိဋကတ်သုံးပုံ လေတတ်စွာယသ။ သယ်ကြိုက် ဗျာကာရိုဏ်ဟု ရာသွာအမူ လေတတ်ထသော စာရင်ဘိဇယ်မည်သော။ အမတ် ကြီ (ပုံ ၂၀၉-၃-၅)" ဟူ၍ ဖြစ်သည်။ **အမတ် သံပျင် ကလန်** တို့အပြင် အခြားနန်းတော်အမှုထမ်းများစွာလည်း ရှိပါ သေးသည်။ အထူးအခြားမခွဲဘဲ တပေါင်တည်း ယင်းတို့ကို **မင်ချင်** (ပုံ ၂၅၇-၆၊ ပုံ ၂၆၀-၁၀၊ ၁၁၊ ၃၀) သို့မဟုတ် **မင်စေ** (ပုံ ၂၁၅ ခ-၆) သို့မဟုတ် မင်လုလင်(ပုံ ၂၉၀ ခ-၂) ဟုခေါ်ပေမည်။ တစုသော အမှုထမ်းတို့ကား **သူငယ်တော** (ပုံ ၂၃၄-၂၅၊ ပုံ ၂၅၇-၆၊ ပုံ ၂၇၂-၁၊ ပုံ ၂၇၃-၁၀၊ ၂၇၇-၂၁၊ ပုံ ၂၀၂-၁၄၊ ပုံ ၃၀၅-၁၅) တို့ဖြစ်၍ ဘုရင်လို

လားသည့် ဘုရားဘက်တော် ကဲ့သို့သော သူများဖြစ်ဟန် တူပါသည်။ **သူငယ်တ်** ကို မူဆိုင်(ပုံ ၂၇၄-၁၆)နှင့် တခါက တွဲဘက်ဖော်ပြထားသည်ကို တွေ့ရဘူး၏။ နောက်အခါ နန်းတော်၌ **အတွင်းဝန်** နာခံတော် သံတော်ဆင့် စာရေးဟူ၍ ရှိဘိသကဲ့သို့ ထိုခဉ်က အတွင်းရှယ့်(ပုံ ၂၀၇-၁၃၊ ၁၆)စာခမြောင်(ပုံ ၂၃၅-၄၅)**စာခိပိုဝ်**(၂၃၂-၂၊ ၁၈)နှင့် **စာချီ**(ပုံ ၂၆၈-၁၃)တို့သည် ဘုရင့်အမှာတော် အမိန့်တို့ကို ရေးမှတ်၍ အရာရှိတို့ထံ ပို့ရသည်ဖြစ်မည်။ အခွင့်အခါကြုံသဖြင့် ဖော်ပြလိုသည်မှာ **စာခိပိုဝ်**ဆိုသူ တဦးသည် တရုတ်ပြည် ဘုရင်၏ကိုယ်လုပ်တော် **မင်မျှ**(၂၃၂-၂) ဖြစ်ကြောင်း တွေ့ရပါသည်။ အဝေးအလံသို့ အမိန့်တော်များပို့ရန် **မြင်းသူကြီ** (ပုံ ၂၅၄ က-၁) ကပ်ကဲသည့် **မြင်းစီ** (ပုံ ၂၂၂ ခ-၁၄)ခေါ် မြင်းအမှုထမ်းတို့ ရှိမည်ဖြစ်ပါသည်။

တရားရေးရာ အဆုံးအဖြတ်တွင် ဘုရင့်အား ကူညီရန် သံဖမ (ပုံ ၁၆၁ ခ-၃၊ ပုံ ၂၈၅-၁၇၊ ပုံ ၅၉၈ က-၁ ၂၊ ၂၂)ခေါ် တရားသူကြီးများ ပါသည်။ **ရှိယ်တဝိနိယ်အမှုဆင်ခြင်သောသံဖမဘိုဝ်** (ပုံ ၅၇၄-၃၊ ၆)ဟု အေဒီ ၁၂၁၈-ကျောက်စာ၌ပါရှိသဖြင့် သံဖမ ဟူသည် ဘုရင့်အပါးတွင် ခစား၍ တရားစကား အရှုက်အဘင်ရှိလျှင် ကြားနာစစ်ဆေး ဆုံးဖြတ်ရသူများ ဖြစ်ကြောင်း သိရပါသည်။ ယင်းတို့ကို အခြားအမည်များဖြင့်လည်းခေါ်ပါသေးသည်။ ယခုအခါကဲ့သို့ **တြာသူကြီ**(ပုံ၁၉၁ ခ-၈)ဟု ခေါ်သည်လည်းရှိ၏။ ဓမ္မသတ်သို့မဟုတ်အမှုအခင်း သို့မဟုတ်တရားစီရင်သူဟု အမျိုးမျိုးယူဆရသော **တြာ**(ပုံ ၅၆၀ င-၇)ဟု တလုံးတည်းလည်းခေါ်ပါသည်။ တခါသော် တရားမနှင့် ရာဇဝတ်ကို ခွဲလိုဟန်ဖြင့် **အမှုစိုဝ်**(၄၂၁ ခ-၁၇)နှင့် **ခိုဝ်သူကြီ** (ပုံ၂၄၁-၅)

ဟု နှစ်မျိုးပိုင်းခြားရှုံခေါ်ပါသေးသည်။ ခိုဝ်သူကြီ နှင့် တွဲဖက်
လုပ်ရသောသူကို ခိုဝ်တြာစာခိ(ပုံ ၂၆၉-၁၃)ဟုခေါ်၏။အမျိုး
သမီးတရားစီရင်သူတို့ရှိကြောင်း(ပုံ ၁၇၄-၁၁)ကိုလည်းမှတ်သား
ရဘူးပါသည်၊နယ်အုပ်ချုပ်ရေးတွင်တိုက်ကိုစီမံခန့်ခွဲရန် တိုက်သူ
ကြီ(ပုံ၁၁-၁၅၊ပုံ၂၉၆-၁၇၊၁၈)မြို့သို့မဟုတ်ခံတပ်ကို ကွပ်ကဲ
ရန် မြို့ဝ်သူကြီ(ပုံ ၃၇၀၊၂၃) ကျေးရွာအတွက် ရွာသူကြီ (ပုံ
၂၆၄-၂)နှင့်ဘုရင့်ကျီတော်ထိမ်းကီသူကြီ (ပုံ၁၆၂-၂၄)တို့ ရှိ
ပါသည်။ မြို့တော်အစွန်အဖျားတွင် အုပ်ချုပ်ရန်အမျိုးသမီးကိုယ်
သူကြီ (ပုံ၁၉၆-၅) တယောက်အကြောင်းကို အေဒီ ၁၂၆၀-
ကျောက်စာတချို့ဖော်ပြပါရှိရာ ယင်းအမျိုးသမီးပင်လျှင် အမိပု
ရှာစ် ခေါ် ဘုရင့်မိဖုရားငယ်တပါး ဖြစ်ကြောင်းတွေ့ရ၏။

အခွန်တော်ဆိုင်ရာ ပယ်တိုင်(ပုံ၃၀၇ ခ-၄၊ပုံ၅၇၄ က-၈)
ခေါ် အရာရှိများလည်း ရှိသေး၏။ အေ ဒီ ၁၂၄၄-ကျောက်
စာတချို့ သတ်တျ ဆိုသူကို ပိုန်သူကြီ သို့မဟုတ် ပိုလ်သူကြီ
(ပုံ ၁၅၃ က ၂၊ ၁၀)ဟု ဖော်ပြပါရှိရာ ယင်း ပိုန်သူကြီး
ပိုလ်ဟုကြီ၊ ဆိုသူသည် မြေယာ အပိုင်း အခြားကို မှတ်သား
ရသူ အရာရှိ ဖြစ်မည်လောဟု တွေးထင် ရပါသည်။ အသေ
အခြာမသိပါ။ စပါးစိုက်ရာ ကျောက်ဆည်သည် ဆည်မြောင်း
ကိုသာ အားပြုရသဖြင့် ဆည်မြောင်းကြီးကြပ်ရန် အရာရှိအရာခံ
တို့ အမှန်ရှိရပေမည် ဖြစ်သော်လည်း ကျောက်စာတွင် ရေးသား
ဖော်ပြခြင်းကို တကြိမ်တခါမျှ မတွေ့ရသည်မှာ အံ့ဩဖွယ်ဖြစ်ပါ
သည်။မြောင်းတူးရာတွင် ကြီးကြပ်သူသုဝနှပ်ညေ်(ပုံ ၃၇၂-၃)
ဟူ၍ကား အေဒီ ၁၂၂၀-ကျောက်စာ၌ တွေ့ရသည်။ စကားကြုံ
သဖြင့် ဖော်ပြလိုသည်မှာ တရုတ်တို့ အေဒီ ၁၃၀၁-တွင်မှတူးပေး

ခဲ့သည်ဟု အများယူသော **သင်ထွယ်မြောင်** (ပုံ၂၀ က-၂)သည် အေဒီ ၁၁၉၇-ကဲ့သို့ စောစောပိုင်းကပင်လျှင် ရှိခနေပါသည်။ (မှန်နန်း အပိုဒ် ၁၅၀၊ လုစ် "၁၂-၁၃ရာစု မြန်မာနိုင်ငံ လူမျိုးများ" **အိန္ဒိယ ၁၉၃၁ သန်းခေါင်စာရင်း** အတွဲ ၁၁၊ အပိုင်း ၁၊ စာမျက်နှာ ၃၀၀၊ မှတ်စု ၁၁နှင့် **မြန်မာသုတေသနဂျာနယ်** အတွဲ၃၀၊အပိုင်း ၁၊ စာမျက်နှာ ၃၀၄၊ မှတ်စု ၁၇-ကိုကြည့်)။

နယ်စပ်ကို စောင့်ရှောက်ရန် အကွက်အကွင်းကျသော နေရာတိုင်း၌ ကင်းချထားဟန်ရှိ၍ ကင်းသည်တို့ကား မြန်မာမဟုတ်သော သူတို့များမည်ဟုထင်ရသည်။ ကျောက်ဆည် မြောက်ဘက်တနေရာရှိ **ဆိပ်တောင်ကို စောင့်ရှောက်ရန် စကြပ် ကင်းသည်** (ပုံ၁၆၂-၅)တို့ချထားသည်ဟု အေဒီ ၁၂၄၇ ကျောက်စာအရ သိရပါသည်။ အမည်ရှေ့မှ **ကုံထံ**(ပုံ၁၆၂-၂၄၊ ပုံ၂၅၆-၃၃) သို့မဟုတ် **ဘူမှ**-(ပုံ၂၂-၂၊၆၊ပုံ၂၇၇-၆၊၇) ပါသူတို့သည် မြေအရောင်းအဝယ်တွင်သော်၎င်း၊ မြေခွန်ကောက်ခံရာတွင်၎င်း အရေးပါသူများဖြစ်ကြသည်။ ယင်းတို့၏ တာဝန်အတိအကျကို မသိရသော်လည်း မြေရှင်လူတန်းစား ဖြစ်ဟန်တူပါသည်။ ရွာများတွင် ကျေးရွာလူကြီးများဖြစ်ဟန်တူသော **သင်ကြီး**နှင့် **သင်လျှင်** ဟူ၍ ရှိပါသေးသည်။ ထိုသူများကား ဒေသအလိုက် အုပ်ချုပ်သင်းအပင်း၏ **အကြီးအကဲများ** ဖြစ်ကြမည် ထင်သည်။ များသောအားဖြင့် ထိုပုဂ္ဂိုလ်တို့သည် ယောကျ်ားများ (ပုံ၇၅ က-၄၅) ဖြစ်သော်လည်း တခါတရံ **သင်ကြီးအို့ဝ့်သိသင်** (ပုံ၅၃-၈) စသဖြင့် အမျိုးသမီး အမည်ဖြင့်လည်း တွေ့ရတတ်ပါသည်။ ထို့ထက်ပို၍ ရှုပ်ထွေးစေသည့် အချက်ကား ကျွောင် သင်ကြီး (ပုံ ၃၆၇ က-၈) သို့မဟုတ် ရဟန်းတော် အမည်ဖြင့် တွဲ၍

(ပုံ ၆-၉) တွေ့ရခြင်းပင် ဖြစ်ပါသည်။ သင်ကြီးကို ရဟန်းအတွက် သာသီးသန့်သုံးစွဲခြင်းဖြစ်မှု သင် ဟူသည် သင်္ဃာ၏ အတိုဖြစ်၍ သင်္ဃာဝေရကို ဆိုရာ၏ဟု ယူနိုင်စရာ ရှိပါသည်။ သို့သော် ထိုသို့မဟုတ်သဖြင့် အဓိပ္ပာယ်ကောက်ယူရန် များစွာ ခက်ခဲလျက် ရှိပါသည်။ ယခုအခါ သိက္ခမ်းသမ္မကား လူဖြစ်စေ၊ ရဟန်းဖြစ်စေ သင်ကြီး မှန်လျှင် လေးစားထိုက်သူဖြစ်၍ လူ သင်ကြီးတွင် အုပ်ချုပ်ရေး တာဝန်ရှိသည်ဟုပင် ဖြစ်ပါသည်။ တိုင်သင်ကြီး (ပုံ ၂၅၇-၃၂) တိုင်သူကြီး (ပုံ ၂၅၇-၃၁) နှင့် တိုင်သည် (ပုံ ၂၅၇-၁၉)ဟူ၍မြေအရောင်းအဝယ်နှင့် သော်ရင်း၊မြေယာ၌ နယ်ခြားတိုင်စိုက်ခြင်းနှင့်သော်ရင်း၊မြေလူ့တန်းရာ၌မော်ကွန်း တင်သောအခါ၌ သော်ရင်း ပါဝင်ရသူများရှိ၏။ မြေမှုနှင့်ဆိုင်လျှင်လည်း ယင်းတို့ အရေးပါပြန်၍ ခုံလူကြီးများက ယင်းတို့ကိုပင် အပိုင်းအခြား တိုင်စိုက်ခိုင်းလေ့ရှိသည် (ပုံ ၃၀၇-၄)။ ထိုသို့ စိုက်ထူထားသော တိုင်ကိုနုတ်ပယ်လျှင် ကြီးသော ပြစ်မှုဟု ယူဆသည်။ အရာရှိဟု ထင်ရသော ဗျဿသူရ သည် လယ်ပယ် ပေါင်း ငါးရာ့ငါးဆယ်ကို လူ့တန်းရာသံဖမ ခေါ် တရားသူကြီး က အသိအမှတ်ပြု၍ သင်ကြီးငဖွယ်သင်နှင့်သင်လျှင်ငဝံသာသင် တို့ကို နယ်ခြား တိုင်စိုက်စေခဲ့ ပြီးနောက် တန်လိုင်ငရဝ်နှင့် အပေါင်းပါတို့က ထိုတိုင်တို့ကို နုတ်ပယ်သဖြင့် ဒါဏ်ငွေယ်ပျန် တရာပေးဆောင်ရကြောင်း။အေဒိဝ ၂၂၆-ကျောက်စာ(ပုံ ၅၇၄ ခ-၇-၈)တွင် ဘတ်ရပါသည်။ ငွေတကျပ်လျှင် လယ်ကောင်းနှစ်ကေနီးနီးရသော(ပုံ ၂၆၈-၃) အခါက ငွေတရာ ဒါဏ်ထားသော အမှုသည် မည်မျှကြီးမည်ဟု ခန့်မှန်းနိုင်ကြပါသည်။

သာသနာ့မြေအဖြစ် ပေးလှူသမျှမြေကို မင်းအားအကြောင်း

ကြားရသည်ဟု ထင်ပါသည်။ ကျောက်စာတခု၌ **မဟာသမန်**ကဲ့သို့သော အမတ်ကြီးကိုယ်တိုင် အလှူမြေကို အထက်စာရင်းတွင် တင်ရကြောင်း တွေ့သည်(ပုံ ၂၀၃-၁၅)။သို့သော် မှတ်ပုံတင်သော အထူးအရာရှိ သီးခြားရှိပါသည်။ **နာတောင်မျာ** ၏ အမတ်ငါးပါးအပါအဝင် **အသွတ်** ကိုအက္ခာဘင်သောမင်အမတ် (ပုံ ၉၆-၆)ဟု ခေါ်၏။ **မဟာကဿပ** နှင့် **ဆိပ်တောင်မှစကြပ်ကင်သည်** တို့၏ မြေမှုတွင် **မဟာကဿပ** တရားအောင်မြင်ခြင်းကား အထက်စာရင်း၌အမှတ်အသားရှိသောကြောင့် ဖြစ်သည်ဟု အကြောင်းပြခဲ့သည် (ပုံ ၁၆၂-၀)။ ဤအမှုမျိုးတို့၌ တရားသူကြီးက ဆုံးဖြတ်ချက်ချလျှင် ထိုစီရင်ချက်ကို မှတ်တမ်းတင်ရမြဲဖြစ်၏။ **အမှုကွန်ခတ်စိယ်** (ပုံ ၂၁၅ ခ-၁၂)ကား ပေးမြဲအမိန့်ဖြစ်တော့သည်။ **ဝချုပ်** (ပုံ ၂၇၂-၂၀)ဟူ၍လည်း ဖော်ပြသည်။ဖြတ်ထုံးတို့ကို **ပိယ်စာတင်** (ပုံ ၂၉၆-၂၅) မည်ထင်ပါသည်။ သို့သော် အရေးပါသော အကြောင်းအရာကို—

အမောကွန်တင်၏ လက်ပံက္လ၂ ° ၂-ထပ်အကြောထန်ရွက်စာဟိ၏။ (ပုံ ၄၁၇—၇—၆)

ဟုဖော်ပြသဖြင့် မှတ်တမ်းကို ထန်းရွက်တွင်ရေး၍ သစ်သားပြားနှစ်ချပ်နှင့် ညှပ်ကာ ကောင်းစွာ စည်းလျက် သိမ်းထားပေမည်ဟု ခန့်မှန်းရသည်။ မိဖုရားနှင့်ဆိုင်သည်ကို မှတ်တမ်းတင်ရန် စာရင်းသီးခြား ရှိပါသည်။ ဇေယျပွတ် ကျောက်စာတွင် နန်းတက်ပြီး ရှစ်နှစ်အကြာ **နာတောင်မျာ** သည် အလှူတော်စာရင်းကို အရာရှိလေးဦးအား **အထက်ရင်** (ပုံ ၉၀—၅၊၁၀) တွင် တင်စေသည်။

အမှုအခင်းများ၌ ခုံသမာဓိ၏ ကောက်ချက်ကို တရားလို တရားခံ အကြိုက် ညီလျှင် လဘက်ကွမ်းရိုး စားမြဲ ဖြစ်သည်။ အင်္ဂလိပ်မင်းတို့ မရောက်မီကပင် ဤဓလေ့ပေါ်နေပြီ ဖြစ်သော်လည်း မည်သည့်အချိန်အခါမှ စတင်ပေါ်ပေါက်ခဲ့သည်ဟု မသိရပါ။ အေဒီ ၁၃၀၀-တိုင်အောင် ကျောက်စာတို့၌ ၎င်းဓလေ့ကို ဖော်ပြခြင်းမရှိသည့်ပြင် လဘက်ဟူသော ဝေါဟာရကိုပင် သုံးစွဲသည်ကို မတွေ့ရပါ။ ရှေးမြန်မာတို့၌ ဤအလေ့အကျင့် အစား 'သေသား' များစွာ သောက်စားသည့် ပွဲသဘင်ပြုသော ဓလေ့ရှိပါသည်။ မြေ အရောင်၊ အဝယ်ပြီးတိုင်း စားသောက်ပွဲဘည်ခင်းကြ၏။ ဘုန်းကြီးက မြေဝယ်သည်ပင် ရောင်းချေး၌ **သိယ်ဖိုဝ်သာဖိုဝ်**(ပုံ ၂၂၄—၁၀၊ ၁၁) ပါရမည်။ ဥပမာ **မဟာကဿပ** သည်သော (ကဒူး) လူမျိုးတို့ထံမှ ပယ်တထောင်ကို ငွေတထောင်နှင့် ဝယ်သောအခါ၌ **ထမင်ဖိုဝ်သိယ်ဖိုဝ်သာဖိုဝ်**(ပုံ ၂၆၇—၇၊ ၉)။

ပေးရသည်မှာ ငါးဆဲ့လေးကျပ် ဖြစ်သည်။ ထိုမျှဖြင့်မကျေနပ်သေးသောကြောင့် သေဘိုးနှစ်ကျပ် တမတ်ထပ်၍ ပေးရ၏၊ ယင်းဓလေ့နှင့် ပတ်သက်၍ ပါမောက္ခ ဂျီအိပ်ချ်လုစ်က—

"အစွန်အဖျားဒေသများ၌ ဤအကျင့်ကို ပို၍ လေ့သည်၊ ပုဂံပျက်စီးပြီးနောက် များစွာ ပြန့်ပွားလာ၏။ ဗုဒ္ဓဝါဒ မထွန်းကားမီ မြန်မာပြည်၏ယစ်ပွဲ၌မူးယစ်ခြင်း ရှေးဓလေ့မှ ကြွင်းကျန်ရစ်ခဲ့ဟန် တူ၍ ယခုတိုင် ချင်းတောင်၊ ဝနယ်၊ ကရင်နီ စသောဒေသတို့၌ ရှိသေး၏။ (မြန်မာသုတေသန ဂျာနယ်၊ အတွဲ ၃၀၊ အပိုင်း ၁၊ စာမျက်နှာ ၃၂၄၊ မှတ်စု ၉၄)"

အလွန်စိတ်ဝင်စားဘွယ်ကောင်းသည့် သားမြေးတိုင်အောင် ဆက်လက် အချင်းပွားသော တရားမမှု တမှုကို အေဒီ ၁၂၆၂- ကျော်က်စာ၌တွေ့ရ၏။ (ပုံ၃၇၁။အကျဉ်းချုပ်အားဖြင့် ရှမ့်တပ် သျှင်ခေါ်ကုလားကျမင်းလက်ထက် အေဒီ၁၁၇၇-၌သိင်္ခစကုကြီး က သံဃာထေရ် ငတိတ်သင် ကျောင်း၌ မြေရှင်း အချို့ကို လှူခဲ့သည်။ ဆရာတော်လည်း ကန်ဆယ်၍ လယ်လုပ်စေ၏။ ကောက်ပဲသီးပွင့်လျှင် ဤသို့ပြုပြင်နိုင်သဖြင့် သိင်္ခစကုကြီးကအံ့သြ ဝမ်းသာလျက် မိမိသေဆုံးလျှင် အမွေဝေရာသောပစ္စည်း၌မပါ စေရအောင် တိတိပပပြောကြား၍ ထပ်လောင်းကာ ဘုရားတွင် ယင်းမြေကို လှူပြန်သဖြင့် ငတိတ်သင် ကျောင်းဘုရားပိုင် ဖြစ်ခဲ့ သည်။ ငတိတ်သင် အသက်အတိုင်း သုံးစားပြီး၍ သိင်္ခဥပစင်က ဆက်ခံသည်။ သိင်္ခဥပစင် လက်ထက် ငစိည်စိမ်သင်ကို ရေကန် ဝန်းကျင်၌ ထန်းစိုက်စေ၏။ သိင်္ခဥပစင် အသက် အတိုင်း စား လတ်၍ လွန်လျှင်သိင်္ခ မုန်တောင်ကဆက်ခံသည်။ ထိုစဉ်သိင်္ခစကု ကြီး၏ မြေး အိန်မွန်သင်က အတိုးပိုင်မြေဖြစ်သဖြင့်၊ အမွေဆက်ခံ လိုသည်ဟု ဘုရားစွဲလေသည်။ ကျေးရွာသို့ လှည့်လည် စစ်ဆေး လာသော ကန်သာရင်နှင့် ကက်သတြာတို့ ကြားနာ၍ အထက် ကျောင်း၌ ရဟန်းပြုဘူး၍ စကုကြီးလှူစဉ်က မြင်ကြား လိုက်သော ငဆည်သင်ကို ခေါ်ယူစစ်မေးရာ သိင်္ခစကုကြီး ကျောင်းဘုရား ဝယ် လှူသည်ကို ငါသိမြင်သည်။ ကန်ကိုလည်း ငါပင် ဆည် ၏။ ရေတွင်းကိုလည်း ငါပင် တူး၏။ အိန်မွန်သင်က မလှူဟု ဆိုလျှင် ဘုရား ကိုင်၍ ကျိန်ပါဟု ထွက်၏။ အိန်မွန်သင် မကျိန်ရဲသဖြင့် ငဆည်သင်က ကျိန်လျက် အထက်နည်း ပြော ပြန်သည်။ ယင်းသို့ ထွက်ဆိုစဉ် မြင်ပါ ကြားပါ သကား

ညောင်ခေါက် ဆရာတော်၊ တိုင်မလုပ် ဘုန်းကြီးနှင့် သူကြွယ် ငါရောက်လှယ်သင်တို့ ဖြစ်ကြ၏။ ထို့ကြောင့် ရဟန်းတို့အား အနိုင်ပေးရသည်။ယင်းကား အေဒီ ၁၂၂၀-က အဖြစ်အပျက် ဖြစ်ပါသည်။ ထို့နောက် သို့မ်မုန်တောင် ကို သုခမိန်သန်ပေါင် သည်ရှင်း၊ ဗုဒ္ဓပါသင်ကြီ သည်ရှင်း၊ အဆင့်ဆင့် ဆက်ခံကြ၍ အေဒီ ၁၂၆၂-သို့ ရောက်သောအခါ သို့မ်သီလကုမာ လက် ထက်၌ စည်သဝတ်မြေ ငါဖုံရောက်သင် နှင့် ပေယေ် တို့ကန် အထက် မြေကို လုပြန်၏။ သမန္တပိစည်နှင့် ရာဇပိုဟ် တို့ ကြား နာ၍ စစ်ဆေးရန် ရွာသား ၂၄-ယောက်ကို ခေါ်ယူသည်။ သို့မ်ဝကုကြီက တော်တ်သင်ကျောင်းတွင် လူသည်ကို သိမှတ်ဘူး၍ ယခု သီလကုမာ တိုင်အောင် သံဃာ ၆-ဆက် စားသောက်ခဲ့ သည်ကို သိကြောင်း ကညီတညွတ်တည်း ထွက်ဆိုကြသည်။ထို့ ကြောင့် ရဟန်းတို့ကိုပင် အနိုင်ပေးရပြန်သည်။

အထက်အမှုကို ဘတ်ရှုရသဖြင့် ထိုခေတ်အခါကအမှုများကို မည်သို့ ကြားနာစစ်ဆေး၍ ဆုံးဖြတ်သည်ကို သိနိုင်ပါသည်။အမှု ကို ဆုံးဖြတ်ရာ၌ တရားသူကြီး ၂-ဦး ရှိပုံနှင့် သက်သေခံသူတို့ အမှန်ကိုသာ ဆိုကြောင်း ဘုရားချီ၍ ကျိန်ရပုံတို့ကို စိတ်ပါ ဝင်စားဘွယ်ရာ တွေ့ရှိရပါသည်။ တရားရေးရာနှင့် ပတ်သက်၍ အခြားအရေးပါသော အချက်တချက်ကား ပုဂံကျောက်စာတို့ တွင် အေဒီ ၁၂၄၉-ကျောက်စာ (ပုံ ၁၇၄-၁၄)မှ လွဲ၍ ကျန် ကျောက်စာတို့၌ မွေသတ်ဟူသော ဝေါဟာရကို ရေးသား ဖော် ပြခြင်း မတွေ့ရပါ။ ရာဇသတ်ကိုလည်း မတွေ့ပါ။ ထို့ကြောင့် မြန်မာ မွေသတ်ကို ရေးကျလှပါသည်ဟု ပြောဆိုကြသည်မှာ မှား၏ဟူ၍ပင် ပြောချင်မိပါသည်။ဥပမာ ဒေါက်တာဖောရှမ်မှာ

က ဓမ္မဝိလာသဓမ္မသတ်ကို အေဒီ ၁၁၇၂-၌ ပြုစုခဲ့သည်ဟု ဂျာဒင်ဆုရစာတမ်း(စာမျက်နှာ ၃၅-၆)၌ ရေးသား၏။ တလိုင်းဘုန်းကြီး သာရိပုတ္တာသည် ထိုဓမ္မသတ်ကိုပြုစုသဖြင့်ဒုတိယစည်သူ (၁၁၇၄-၁၂၁၁)မင်းက ဓမ္မဝိလာသဘွဲ့ကို ဆက်ကပ်သည်ဟူ၍လည်း ယုံကြည်ကြ၏။ ဒုတိယစည်သူကို ဆက်ခံသူ နာတောင်များ၏ဆရာကားအောက်သား တလ အရှေ့မောလညာ ရွာမှဖြစ်၍ နာတောင်မျာ မင်းဖြစ်လျှင် ဓမ္မရာဇဂုရုဘွဲ့ကို ဆက်ကပ်ခဲ့သည်။ သို့သော် ဤဓမ္မရာဇဂုရုနှင့် ဓမ္မဝိလာသတို့ တဦးတည်းဖြစ်သည်ဟု မဆိုနိုင်ပါ။

ကျွစွာမင်းသည် တိုင်းကား ပြည်ရွာ သာယာ၍ ခိုးသားထားပြမရှိစေရန် မည်သည့်မင်းမျှ မလုပ်ခဲ့ဘူးသေးသော နည်းကို တီထွင်၍ ခိုးသူတို့ ရှုံလောက်အောင် ပြန်တမ်းတခု ကျောက်တွင် ရေးထိုးခဲ့၏။(ပုံ ၁၆၆ က-ခ၊ ပုံ ၁၆၇-ဇ၊ ပုံ ၁၇၀၊ ပုံ ၁၇၃ နှင့် ပုံ ၃၄၅ က-ခ)။ ပြန်တမ်းရက်စွဲကား ၁၂၄၉-ခု မေလ ၆-ရက် ကြာသပတေးနေ့ ဖြစ်ပါသည်။ ၎င်းကို ကျောက်ထက် ရေးထိုး၍ အိမ်ခြေ ငါးဆယ်ကျော်သော ရွာတိုင်း၌ တတိုင်စီ ထားရမည်ဟု အမိန့်ထားခဲ့သည်။ သို့သော် ယနေ့အထိ ၁၀-တိုင်သာ တွေ့ရဘူးသေး၏။ ရှေးမင်းတို့ကား ခိုးသူကို တံကျင်လျှိုခြင်းမှစ၍ များစွာသော နှိပ်စက်ခြင်းဖြင့် နှိပ်စက်ခဲ့မှုလည်း ငါ့လက်ထက်တော်တွင် ဤသို့မပြုလို။ သတ္တဝါအများကို မိမိရင်၌ဖြစ်သော သားကဲ့သို့ ချစ်ခင်သဖြင့် ဤစကားကို ဆို၏ဟု နိဒါန်းပျိုးလျက် မဇ္ဈိမနိကာယ အင်္ဂုတ္တရနိကာယနှင့် မိလိန္ဒပဉှာကျမ်းတို့မှ များစွာ ရက်စက်ကြမ်းကြုတ်သော နှိပ်စက်ခန်းတို့ကို ကောက်ရာ ကွက်နှုတ် ဘာသာပြန်၍ ဤနည်းတို့မှ တနည်းနည်းဖြင့်

သူခိုးကိုမိလျှင် အပြစ်ဒဏ်ပေးရလိမ့်မည်ဟုကြေညာခဲ့၏။ ပြော
သလေ့ရှိသော ရက်စက်နိုင်စွမ်းမည့် မဟုတ်သော်လည်းယင်းသို့ ခြိမ်း
ခြောက်လျှင် ကြောက်ရွံ့သဖြင့် နေပြည်တော် နိုင်ငံတော်စသည်
တွင် ပြုပြင်ကောင်းမွန်လာကြလိမ့်မည်ဟု မြော်လင့်ထားဟန်ရှိ
သည်။ ယင်းပြန်တမ်း၌ အပြစ်ပေးရာ၀ယ် လမ်းညွှန်အဖြစ်သုံးရန်
အမှန္တန် စာရှိဟု ဖော်ပြပါရှိခြင်းကား အဘိုးတန်လှသည်။
"ခိုဝ်သော ဟုတ်စင်မူကာ၊ အမှန္တန်စာကိုင် ဖက်စိယ်၊ အနုမွန်
စာဘွင် အကြင်သူခိုဝ်သည် ဣမည်သော အပ္ပစ်တော ပ္ပစ်မူကာ၊
ဣမည်သော တန်ပိယ်တောပိယ် အပ်အော်ဟူပိယ်အ်"။
ဤတွင် အမှန္တန်စာကား အဘယ်နည်း။ အတိအပ ဖြေရန်
ခဲယဉ်းမည်ဖြစ်သော်လည်း ထိုခေတ်အခါ၏ ရာဇဝတ်ကျင့်ထုံး
ဖြစ်မည်ဟု မှန်းဆရာသည်။
အခွန်တော် ကောက်ခံခြင်းနှင့်စပ်ဆိုင်သော အကြောင်း
အချက်တို့ကို အနည်းငယ်မျှသာ သိပါသည်။ ကျောက်စာတတိုင်
အရ မြေခွန်ကား ပယ်တရာလျှင် ခါးဆီး အထည်တရာ(ပုံ၃၉၂-
၃-၄)ဖြစ်၍ နောက်တတိုင်အရ မြေပယ်သုံးထောင်လျှင် ကြေး
အချိန် ၁၀၀-နှင့် အထည်တရာ ပေးရ၍ စပါးခင်းအတွက်
တပယ်လျှင် စပါးတတင်း ပေးရ၏။ (ပုံ ၃၉၀၊ ၃၀၊ ၃၁)။
အင်းခွန်မှာ ကြေးအချိန် ၁၀-ဖြစ်ပါသည်။(ပုံ၃၉၂-၆) သာ
သနာ့မြေကို အခွန်စီးကြပ်သော သူကြီးတယောက် အကြောင်း
ကို အေဒီ ၁၂၆၀-ကျော်စာ၌ ဘတ်ရဘူး၏။ (ပုံ၁၉၆)။
ယင်းသို့ မအပ်မရာပြုသည်ကို မင်းအသိအကြားဖြစ်စေရန် သူ့ခ
မိန်သားကို တရက်ပ္ပိယ်ထံသို့ ဆရာတော် သမန္တဘဒ္ဒရာက စေ
လိုက်ရာ မင်းသိသဖြင့် အမတ်ကြီးမဟာသမန်ကို သူကြီးအား

တားမြစ်၍ ထိုမြေကို အစဉ်အဆက် အခွန်အခ အားလုံးမှ လွတ်ငြိမ်းရန် အမိန့်တော်ပြန်စေသည်။ ယင်းအမိန့်တော်နှင့် တကွ နောင်အစိုးရ အမှုထမ်းတို့ အခွန်ခွဲလာလျှင် မြေမျိုး၍ အဝီစိသို့ ကျစေတသည်းဟု မဟာထေရ်၏ကျိန်စာပါ ကျောက်စာရေးထိုးထားခဲ့သည်။

အထက်က အနည်းငယ် ဖော်ပြခဲ့ဘူးသော လွှတ်တော် အကြောင်းကို ထပ်လောင်း၍ဆွေးနွေးရန် လိုပါသည်။ ဒုတိယ စည်သူမင်း၏ သားတို့တွင် နာတောင်မျာကား အငယ်ဆုံး ဖြစ် လင့်ကစား အစ်ကိုလေးယောက်ကိုကျော်၍ မင်းမြှောက်ခြင်း ခံရသည်ဟုဆို၏။ မြန်မာရာဇဝင်တို့၌လာသော ယင်းဝတ္ထုသွား ကိုယူ၍ မစ္စတာ ဂျီအီးဟာဗေ လွှတ်တော် ပေါ်လာပုံကို ဖော်ပြရာ၌—

"နောင်တော်တို့က ညီ နန်းရသည်ကို ကြည်ဖြူနိုင်သော အချက်တချက်ကား စစ်အင်အားဖြင့် မင်းအာဏာ အားလုံးကို ၎င်းတို့လက်တွင်းသို့ လွှဲပြောင်းပေးအပ်ထားခြင်းကြောင့်ဖြစ်၏။ မင်းသားကြီးလေးပါးသည် နေ့စဉ်တွေ့လျက် နိုင်ငံတော်ကိစ္စ အဝဝကို ဆောင်ရွက်ကြ၏။ ဤနည်းဖြင့် ဘုရင်ခန့်အပ်သော အဖွဲ့အနေဖြင့် လွှတ်တော်ရုံးပေါ်လာ၍ ဝန်ကြီးအဖွဲ့အဖြစ်ဖြင့် မြန်မာမင်းဆက် ကုန်ဆုံးသည်အထိ ရှိနေပါသည်။ (ဂျီအီးဟာဗေ၊ မြန်မာရာဇဝင် စာမျက်နှာ ၃၄)။"ဟု ရေးသားခဲ့၏။ ဖော်ပြပြီးသည့်အတိုင်း နာတောင်မျာ၌ အမတ်ငါးပါးရှိ၍ ညီအစ်ကိုများ မဟုတ်ပါ။ ဇေယပွတ်ကျောက်စာ (ပုံ ၉၀-၂၀) အရ နာတောင်မျာသည် ညီအငယ်ဆုံး မဟုတ်ကြောင်း အတိ အကျ သိရပါသည်။ နာတောင်မျာဟူသော ဘွဲ့တန်ဆာ နား

ရွှောင်းပေါ်များသော ငခင်ဟု အဓိပ္ပာယ်ရသည့် အမည်ကို ထီးမွေကို ဇွဲနှင့်တောင်းသော နန်းတောင်းများဟု အဖတ်မှားကြသဖြင့် ထိုအမည်နှင့်ဆက်သွယ်၍ ဝတ္ထုတပုဒ် တီထွင်ရလျက် လွှတ်တော်ပေါ်လာပုံ ဝတ္ထုကလည်း အဆစ်ပါခဲ့ရသည်။ ပုဂံခေတ် ကျောက်စာအားလုံး၌ လွှတ်တော်ဟူသော ဝေါဟာရ တလုံး တလေမျှ ဖော်ပြပါရှိခြင်းကို မတွေ့ရဘူးပါ။ လွှတ်တော်အစား ပုဂံမင်းတို့တွင် တရားစီရင်ရာ အလှူဒါနပြုရာ ညီလာခံဟူ၍ ကွန် အမည်ဖြင့် ခမ်းမဆောင် များစွာရှိပါသည်။ ထိုခမ်းမမျိုး၌ အမတ်တို့ဆုံ၍ ပြည်ရေးပြည်ရာကိုလည်း ထမ်းဆောင်ပါသည်။

ယင်းတို့ကား ကွန်ပြောက် (ပုံ ၇၉၊ ခ-၉) ကွန်ပြောက်ကြီး (ပုံ ၂၀၃-၃၀) ကွန်ပြောက်ငယ် (ပုံ ၂၃၄-၂၈) ကွန်သာယာ (ပုံ ၅၄-၇) ကွန်မြင် (ပုံ ၁၉၆-၁) ဆင်ရှုကွန် (ပုံ ၁၈၆-၅) နှင့် စင်ကြယ်ကွန် (ပုံ ၂၃၄-၂၆) တို့ဖြစ်ပါသည်။ ဤသို့ များပြားသော ကွန်တို့အနက် ကွန်ပြောက်မှာ အရေးအပါဆုံးဖြစ်ဟန်ရှိ၍ အစောင့်အကြပ်များ အမြဲထားရှိရသည်။ တခါက သိယ်မသောက်ကွန်ပြောက်စောင် (ပုံ ၂၇၀-၃၀)ဟု ဖော်ပြထားသည်ကိုပင် တွေ့ရ၏။ ဘုရင်မင်းမြတ် ကောင်းမှုကုသိုလ်ပြုရာ ခမ်းမလည်း ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ကွန်ပြောက်တွင် နေ့စဉ် အလှူပြု၍ ရေစက်သွန်းချကြောင်း တွေ့ရသည်(ပုံ ၂၇၄-၁၄)။ မဟာထေရ်ကို လှူဘွယ်ရှိလျှင်လည်း 'ကွန်ပြောက်'၌ပင် လှူသည်။ (ပုံ ၂၇၉-၂၀)။ 'ကွန်ပြောက်'၌ပင် အမတ်အားလုံး တွေ့ဆုံရသည်ဟု အေဒီ ၁၂၇၅-ကျောက်စာ၌ ပါရှိ၏။ (ပုံ ၂၄၅ ခ-၆) ထို့ကြောင့် အမတ်တို့ တိုင်းရေးပြည်မှု

ဆောင်ရွက်ရာ ဌာနလည်း ဖြစ်ကောင်းစရာရှိပါသည် (ပုံ ၂၃၄-၂၈)။ 'ကွန်ပြောက်ငယ်' နေတော်မူစဉ် 'ကျစွာ' ကမိဖုရား 'ဖွာဇစ်' ကိုကျွန် ၁၅၀-နှင့် မြေပယ် ၁၅၀-ပေးရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရ၏။ (ပုံ ၂၃၄-၂၈-၃၀) ထို့ပြင် အထက်မှတ်တမ်းတွေ့သည့် ကျောက်စာ၌ပင် 'ကွန်ပြောက်ငယ်' တွင် 'ကျစွာ' ညီလာခံစဉ် 'ကျစွာ' နန်းတက်ပြီးစ အေဒီ ၁၂၃၅-ခန့်တွင် 'သိရိဝဓနာ' တို့ ပုန်ကန်မှု၌ ပါဝင်သဖြင့် နေပြည်တော်မှ နှင်ထုတ်ထားသော 'သိင်္ဃပိကြံ' ၏မယား လာရောက်၍ မိမိလင်ကို အပြစ်မှ ခွင့်လွှတ်ပါမည့်အကြောင်း လျှောက်ထားသည်ကို ဖတ်ရသည် (ပုံ ၁၃၄-၃၁-၄) နှင့် (ပုံ ၁၁၂-၂၄-၆)။ 'ကျစွာ' ကား မိဖုရားငယ်မှမြင်သောသား ဖြစ်ခြင်းကြောင့် မင်းအဖြစ် ဆက်ခံသည်ကို 'သိင်္ဃပိကြံ' အပါအဝင် မလိုသော မင်းသားတို့က ပုန်ကန်ကြ၏။ ကျောက်စာတွင် ပါသည့်အတိုင်း 'သိင်္ဃပိကြံ' ကို ခွင့်လွှတ်သော်လည်း မင်းသားပိုင် လယ်ယာပစ္စည်းအားလုံးကို သိမ်းယူခြင်း ခံရသည်။ မိဖုရား 'ရတနာပုံ' အေဒီ ၁၂၆၂-တွင် သေဆုံးသော အခါ၌ 'တရုက် ပ္လိယ်' က ရဟန်းတို့ကို 'ကွန်ပြောက်ကြီး' သို့ပင့်၍ များစွာသော အလှူကိုပြုသည်။ (ပုံ ၂၀၃-၁၆)။ 'ကွန်သာယာ' နှင့် ပတ်သက်၍ကား စိတ်ပါဝင်စားဘွယ်ဖြစ်သော အဖြစ်အပျက်တခု ရှိပါသည် (ပုံ ၂၈၆-၆၊ ပုံ ၂၃၉-၁၂)။ ဘုရားလောင်း 'နာခဘောင်မျော' 'ကွန်သာယာ ဆင်ရှုကွန်' ၌ နေတော်မူစဉ် တခါက ရဲဆုမြေပယ် ၁၅၀-ရဘူးသော ကြွမ်း (ကန်ဘောဒီးယားလူမျိုး) အမှုထမ်း 'ပေဘာတ်' ကိုဆင်ခိုက်၍ ခြေတဖက်ပြတ်ကြောင်း ရေးမှတ်ထားပါသည်။ ယင်း 'ပေဘာတ်' သည် မစွမ်းမသန်ဖြစ်ပြီးနောက် မိမိ

ဆိုရသောမြေကို အမတ်ကဦးအား ရောင်းစားရသည်ဟူ၍လည်း သိရ၏။ 'ကွန်သာယာ'ကား ပွဲသဘင်ရှုရာ ပျော်မွေ့စံယာရာ ဖြစ်သော်လည်း အထက်ပါ စိတ်မချမ်းမြေ့ဘွယ်ရာ ကိစ္စများ လည်း ဖြစ်တတ်ပါသည်။ ဒုတိယ'စည်သူ'မင်းသည် 'ကူးမြင်'၌ နေတော်မူစဉ် ကောင်းမှုပြုသည်ဟုလည်း သိရ၏။ (ပုံ ၃၆၅ က-၂)'ကွန်ပြောက်'ဖြစ်၍ လာဟန်ရှိပါသည်။ တခါက 'စင်ကြယ် ကွန်' ၌ 'ကွစ္စွာ'နေတော်မူစဉ် မိဖုရား'ဖွာဇာဝ်'ကို ကျွန် ၁၉၀- ပေးတော်မူသည်ဟု တွေ့ရသေး၏။ (ပုံ ၂၃၄၊ ၂၆) ယင်း 'စင် ကြယ်ကွန်'ကား 'ခေါင်းဆေးမင်္ဂလာ' ပြုသည့်အခါ သင်းကြန် ဘော် ခေါ်သည့်အခါ၊ ဥပုသ်တော်ယူသည့် အခါတို့၌ ရွှေ့ ပြောင်း၍ ယာယီစံတော်မူမည်ဟု ခန့်မှန်းပါသည်။

ဘုရင့် မှတ်တမ်းတင် အရာရှိအတွက် အဆောင် သီးခြားရှိ မည်ထင်သည်။ အကြောင်းသော် အေဒီ ၁၂၉၄-ကျောက်စာ၌ 'တင်ကုပ်'တွင်ထားသော စာရင်း၌ အလှူတော်ကို မှတ်တမ်းတင် သည်ဟု တွေ့ရသောကြောင့်တည်း (ပုံ ၂၀၃-၁၅)။ မဟာ ထေရ်ခမ္မသိရိ'ကို 'ရှယ်နန်ရှင်' (၁၂၈၀-၉၀)က အလှူတော် ပေးသော အခါ 'တင်ကုပ်ရှည်' ၌ ပေးသည်ဟုလည်း သိရ ပါ သည်။

ဖော်ပြပြီးသည့် အထောက်အထားများအရ ပြန်လည် သုံး သပ်ရလျှင် အလယ်ခေတ် မြန်မာအုပ်ချုပ်ရေးကား အောက်ပါ အတိုင်းတည်း။

နိုင်ငံတော်တခုလုံး၌ မင်းအမည်ခံသူသည် အရေးပါ အရာ ရောက်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။ သို့သော် သူ၏ အပါးတွင် အခါ ကောင်းကို ညွှန်ပြရန် ဗြာဟ္မဏတို့ အပါအဝင် ပညာရှိများကို

ထားလေ့ ရှိသည်။ ခဲရာခဲဆစ်ကြုံလျှင် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေး ဆောင်ရွက် စေခိုင်းလေ့ ရှိသည်။ မင်းအား အုပ်ချုပ်ရေးတွင် အထောက်အပံ့ဖြစ်စေရန် ဗုဒ္ဓစာပေကို ကောင်းစွာ တတ်ကျွမ်းသော အမတ်များကို ခန့်ထား၏။ မင်းတို့အနက် တဦးသော အမတ်ကို အမတ်ကြီး ပြုစေမည် ဖြစ်သည်။ မြို့ပြရေးရာနှင့် စစ်ရေးရာဟူ၍ ဝန်ထမ်းနှစ်မျိုး ခွဲခြားထားခြင်း မရှိပါ။ အမတ်ကြီး ကိုယ်တိုင်ပင် စစ်တပ် ဦးစီးလျက် တိုက်ခိုက်ရသည်လည်း ရှိပါသည်။ လုံခြုံရေးအတွက် မြောက်ဘက် နယ်စပ်ကို အထူးဂရုပြု၍ စောင့်ရှောက်ရသောအခါ ဖြစ်၏။ ထို့ကြောင့် ကောင့်စင်ခေါ် ယခု ဗန်းမော်အနောက်ကမ်း၌ မြောက်ပိုင်းအုပ်ချုပ်ရေး ဌာနချုပ်ထားရှိကာ အမတ်ကြီးကို ဘုရင်ခံချုပ် ခန့်ထားလေ့ရှိပါသည်။ အုပ်ချုပ်ရေးတွင် မည်သည့်အမတ်က မည်သည့် တာဝန်ကိုသာ ယူရမည်ဟု ဌာနပိုင်းခြားခြင်း မရှိရကား မည်သည့်အမတ်မဆို အရှင်စေသမျှ ဆောင်ရွက်ရမည်သာဖြစ်တော့သည်။ သို့သော် သံဃမဟူ၍ တရားသူကြီးများ သီးခြားရှိနေရကား တရားရေးရာတွင် အထူးအရာရှိများ လိုအပ်သည့် အခါများတွင် ခန့်ထား၍ အမှုအခင်းတို့ကို ကြားနာစစ်ဆေးသည်ဟု ယူဆရမည်။ သို့သော် ပုဂံခေတ် နောက်ပိုင်းတွင်မှ ထုံးစံဓလေ့ကို ဥပဒေအဖြစ်ဖြင့် ကျမ်းပြု သုံးစွဲကြဟန် တူ၏။ ဓမ္မသာတ်ဟူသော ဝေါဟာရကို အေဒီ ၁၂၄၉-၌ တခါမျှသာ သုံးစွဲသည်ကို တွေ့ရသဖြင့် ယင်းဓမ္မသာတ်မှာ အိန္ဒိယမှ ဥပဒေကျမ်းတစောင်စောင်ကို ညွှန်သည်ဖြစ်ကောင်း၏။ သို့မဟုတ် ထိုအချိန်၌ ဓလေ့များစွာကို ပေါင်း၍ ဥပဒေကျမ်းပြုစုပြီးဟန် ရှိသည်။ ရာဇဝတ်ရေး၌ အမှုနှန်ံ့၀၁ ဟူ၍ ရှိပါသည်။ မည်သည့်ကျမ်းမျိုး

ဖြစ်မည်ဟု တိတိပပ မပြောတတ်ပါ။ အမှုစစ်ဆေးရာ၌ သက်သေတို့သည် ဘုရားရုပ်တု၊ ဘုရားဓာတ်တော်၊ သို့မဟုတ် ဘုရားဟော ကျမ်းစာတို့ကို ချီပိုက်လျက် မှန်ရာကိုသာ ဆိုပါမည်ဟု ကျမ်းကျိန်ခြင်းကား အများ လက်ခံထားသော ဓလေ့ ဖြစ်၍ ယင်းသို့မကျိန်ဝံ့လျှင် အပြစ်ရှိကြောင်း အလိုအလျောက် ဝန်ခံရာ ရောက်ပေမည်။ ဘုရင့်အပါး၌ အတွင်းဝန်နှင့် စာရေးများ ရှိ၍ မင်း သို့မဟုတ် အမတ်တို့၏ အမိန့်အမှာတို့ကို ရေးမှတ်၍ အဝေးမြို့ဝန်ထံသို့ ပို့ရန် အစေအပါးတို့ အသင့်ရှိခါ အရင်လို လျှင် လိုသလို မြင်းစီးအမှုထမ်းတို့ကို ခိုင်းစေရ၏။ နယ်အုပ်ချုပ်ရေး အချက်အခြာ ဒေသများနှင့် နေပြည်တော်တို့ ဆက်သွယ်ရေးလမ်းမများလည်း အသင့်အတင့် ကောင်းမွန်သည်ဟု မှန်းဆနိုင်ပါသည်။ နယ်၊ မြို့၊ သို့မဟုတ် ရွာအုပ်ချုပ်ရေးဆိုင်ရာ အရာရှိများရှိကြ၍ ရွာရှုထက်သော နယ်လှည့်အရာရှိများ ရှိ၍ ရောက်ရာတွင် အမှုအခင်းရှိက စုံစမ်းစစ်ဆေးကြောင်း သိရပါသည်။ ဌာန သီးခြားထားခြင်း မရှိသော်လည်း ဆည်မြောင်း ကြေးတိုင်နှင့် အခွန်တော်အတွက် အရာရှိများ တာဝန်ယူဆောင်ရွက်ကြရသည်။ အခွန်တော်ကို ငွေ၊ သို့မဟုတ် ထွက်ကုန်သီးနှံဖြင့် ကောက်ခံ၍ နိုင်ငံတော်အနှံ့အပြား၌ သိုလှောင်ရာ ဘုရင့်ကျီတော်များ ရှိပါသည်။ ကုံတမ်းနှင့် ဘုမ္မ ဘွဲ့တပ်သော မြေရှင်လူတန်းစားကလည်း မြေခွန်တော်နှင့် ပတ်သက်၍ အကူအပံ့ပြုကြရပါသည်။ မြန်မာပြည် အုပ်ချုပ်ရေး၌ မင်းနှင့် သံဃာ ဆက်ဆံပုံလည်း အရေးပါသော အခဏ်းတခဏ်းဖြစ်၏။ ဘုရင်အားတရားနှင့်အညီ ကျင့်ရန် သာသနာ အဆုံးအမ ရှိ၍ မင်း မတရားလျှင် ရဟန်းတို့က ဝင်ရောက် စွက်ဖက် လာကြသည်ကို

လည်း တွေ့ရသည်။ မင်းတွင် အခက်အခဲရှိလျှင်လည်း ရဟန်းတော်တို့ မနေသာပါ။ ထင်ရှားသော သာဓကတခုမှာ ပျက်စီးအံ့သော ပြည်ကို ကယ်တင်ရန် အေဒီ ၁၂၈၇-၌ တရုတ်ပြည်တယ်တုသို့ သျှင်ဒိသာပြာမုက် သွား၍ စစ်ပြေငြိမ်းရေး စေ့စပ်ရပါသည်။ မင်း၏ဆန္ဒနှင့် ရဟန်းတော်တို့ဆန္ဒ ဆန့်ကျင်လျက်နေလျှင် မင်းက အလျှော့ပေးမြဲဖြစ်၍ ရဟန်းတို့ မည်မျှ သတ္တိရောက်သည်ကို သိသာပါသည်။ ဤ အထောက်အထားများအရ အလယ်ခေတ်မြန်မာအုပ်ချုပ်ရေးသည် စည်းစံနစ်ကောင်းစွာ ဖွဲ့စည်းထားကြောင်း သိသာပါသည်။

(၁၉၆၀-ခုနှစ်၊ ဂျူလိုင်လထုတ် ယဉ်ကျေးမှု စာစောင်မှ)

× × ×